# သတင်းထုတ်ပြန်ချက်

## ကုလ အချက်အလက်ရှာဖွေရေး မစ်ရှင်မှ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားသို့ လက်လွှဲပေး။ ။

**ဂျနီဗာမြို့၊ (၂၀၁၉) စက်တင်ဘာ (၉)ရက်။ ။** (၂၀၁၇) ခုနှစ်တွင်၊ ဆုံးဖြတ်ချက်အမှတ် (၃၄/၂၂) မှတဆင့်၊ လူ့အခွင့်အရေးကောင်စီက တည်ထောင်ထားသော မြန်မာနိုင်ငံဆိုင်ရာ၊ သီးသန့်လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်က ၎င်းလက်တွင်းရှိ အပြည်ပြည်ဆိုင်ရာ ဥပဒေလက်အောက်က လေးနက်သော ရာဇဝတ်မှုများ၏ အထောက်အထားများကို နောက်ဆက်တွဲ လုပ်ဆောင်ရန်နှင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများအတွက် အမှုတွဲများကို ပြင်ဆင်ပေးရန် လူ့အခွင့်အရေးကောင်စီမှ လုပ်ပိုင်ခွင့်ပေးထားသော ယန္တရားအသစ်ထံသို့ ပြောင်းလွှဲပေးလိုက်ပြီဖြစ်သည်။

တနင်္လာနေ့တွင် မစ်ရှင်က လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံစာ အတိုချုပ်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ ၎င်းတွင် လွန်ခဲ့သော နှစ်နှစ်အတွင်း မစ်ရှင်က စုဆောင်းခဲ့သော ကျယ်ပြန့်သည့် အချက်အလက်များကို ပေါင်းစည်း၍၊ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား (IIMM) သို့ လက်လွှဲပေးရန် လုပ်ဆောင်ခဲ့သော ပြင်ဆင်မှုများကို ရှင်းလင်းတင်ပြထားသည်။ မစ်ရှင်၏ အထောက်အထားများကို မြန်မာနိုင်ငံ ပြည်ပတွင်ရှိသော မည်သည့် တရားရုံးတွင်မဆို၊ ရာဇဝတ်မှုဆိုင်ရာ တရားစီရင်မှုများအတွက် အသုံးပြုနိုင်စေရန်၊ ၎င်းတို့အား သမာဓိဆက်လက် ပြည့်စုံစေသောနည်းဟန်ဖြင့် ထိန်းသိမ်း၍၊ IIMM သို့ ပြောင်းလွှဲပေးပြီး ဖြစ်သည်။

နစ်နာခံရသူများအတွက် တရားမျှတမှု ရှိစေရန်နှင့် ဆိုးရွားသော ရာဇဝတ်မှုများအတွက် တာဝန်ခံမှု ပြည့်ဝစေရန် လုပ်ဆောင်ရာတွင်၊ ဤသည် အရေးကြီးသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ စက်တင်ဘာလ (၁၇)ရက် နေ့တွင်၊ အစိုးရလုံခြုံရေးတပ်ဖွဲ့များ၏ နောက်ဆုံးပေါ် လှုပ်ရှားမှုများနှင့် ပဋိပက္ခနှင့် ပတ်သက်သည့် လူ့အခွင့်အရေးအခြေအနေများအပေါ် မစ်ရှင်၏ တွေ့ရှိချက်များ ပိုမိုအသေးစိတ်ပါရှိသော အစီရင်ခံစာကို ထုတ်ပြန်မည်ဖြစ်သည်။

**စက်တင်ဘာလ (၁၇)ရက်နေ့တွင် မစ်ရှင်၏ အဖွဲ့ဝင်သုံးဦးဖြစ်သော ဥက္ကဋ္ဌ မာဇူကီး ဒါရူစမန်၊ ကျွမ်းကျင် ပညာရှင်များဖြစ်သော ရဒီကာကူမရာဆွာမိနှင့် ခရစ္စတိုဖာစီဒိုတီတို့က သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်သည်။**

**နိဂုံးချုပ်။ ။**